# တေဇ ရုပ်စုံ





# သင်္ကြန်မုန့်

တလုံး နှစ်လုံး သုံးလေးလုံး
ငါးလုံး ခြောက်လုံး ခုနစ်လုံး
ရှစ်လုံး ကိုးလုံး ဆယ်ကျော်လုံး
ဂွမ်းထိုးလေပေါ့ မုန့်ပြုလုံး။

မုန့်လုံးရေပေါ် ဆယ်စို့နော်
အုန်းသီးခြစ်စို့ တူပျော်ပျော်။

လယ်ပေါ်ကျောင်းသား တို့ကျောင်းသား
ဆွမ်းခံထွက်လို့ လာကြပြီလား။

မဏ္ဍာပ်နားဆီ ဝင်ခဲ့ပါ
မုန့်လုံးရေပေါ် ဆောင်းဘို့ရာ။

သင်္ကြန်ချိန်မှာ လှူနေကျ
ထန်းလျက်ယိုချင့် ချိုမြမြ။

ရွာတောင်ဖျားက ပိတောက်ဝါ
ဖဖလေးတို့ ပန်လို့လာ။

မုန့်လုံးတရာ မဆောက်သေး
ဦင်းကါလုံးကါ ကူပါလေး။

ကြည်စင်အေးတဲ့ သင်္ကြန်ရေ
နှစ်သစ်ကူးမှာ ဆောင်းကြပေ။

ပျော်စေမစဲ တို့ရပ်ထဲ
အိုးစည်ဗုံ့နှဲ ညံမစဲ
မုန့်လုံးရေပေါ် လှူတဲ့ပွဲ။

ကဗျာ-ဒိုယဉ်
သရုပ်ဖော်-ဆော်က





# နေမိ ဇာတ်တော်ကြီး

၁


ပန်းချီ-ဦးဘကြည်




နေမိမင်းကြီး၏ သတင်းသည် လူ့ပြည်တွင်သာမက တာဝတိံသာ နတ်ပြည် သုဓမ္မာ နတ်သဘင်တိုင်အောင်ပင် ကျော်ကြား၏။ အချို့သော နတ်တို့က...
တကယ်တော့ နေမိမင်းကြီးဟာ-ငါတို့ရဲ့ ကျေးဇူးရှင်ဘဲ------
ငါတို့ လူ့ဘဝတုန်းက-ဒီနေမိမင်းကြီး ရဲ့သွန်သင်မှုကြောင့်-ကုသိုလ်ကောင်းမှုပြုလုပ်ကြလို့-အခု နတ်ပြည်ကို ရောက်လာကြတာဘဲ။
ဟုတ်ပမျှ-အရှလဲ-အဲဒီ နေမိမင်းကြီးဟာ-ဆက်လက်တရားအားထုတ်ဆဲဘဲတဲ့။
သာရခေါ်ပါတယ်။ တော်ပါပေတယ်။
တခုသော လပြည့်နေ့တွင် နေမိမင်းကြီးသည် ဥပုသ်ဆောင် ထိုင်၍ တပါးတည်း စဉ်းစားနေစဉ် သိကြားမင်းသည် ကိုယ်ထင်ပြပြီး-
အကျွန်ုပ်သည်ကား-တာဝတိံသာ နတ်ပြည်ကို အုပ်စိုးသော သိကြားမင်းဖြစ်တော့သည်၊ အသင်မင်းကြီး သိလိုရာ ရှိက-မေးလော့------
ကျွန်ုပ်သို့ဆိုလျှင်---မေးအံ့----အလှူပေးခြင်းသည် သီလ ဆောက်တည်ခြင်းထက် အကျိုးကြီးသလော----
သို့မဟုတ်- သီလဆောက်တည်ခြင်းက အလှူပေးခြင်းထက် အကျိုးကြီးသလော--- အသင် သိကြားမင်း ဖြေဆိုနိုင်ပါ၏လော---
အသင်မင်းကြီး- သီလ ဆောက်တည်ခြင်းက-ပို၍ အကျိုးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော်- အကျွန်ုပ် ကြားဘူး၊ တွေ့ဘူးသမျှ သက်သေ တင်ပြပါအံ့။ ဒုဝိပမင်း၊ သာဂရမင်း၊ သေလမင်း၊ မုစလိန္ဒမင်း၊ ဘဂီရသမင်း၊ ဥသိန္နရမင်း၊ အနုတမင်း၊ အသောကမင်း၊ ပုထုဇ္ဇနမင်း၊ ---စသော ဘုရင်ကြီးပါး တို့သည် အလှူကြီး များပေးသော ကောင်းမှုကြောင့် နတ်ပြည်သို့ရောက်ကြကုန်၏ ------ ယာမဟာနုမည်သော ရသေ့၊ သောမယာဂရသေ့-မနော ဇဝ ရသေ့၊ သမုဒ္ဒ ရသေ့၊ မာဃရသေ့၊ ဘရတ ရသေ့၊ ကာလပုက္ခတ ရသေ့-ဥဒ်ခေါင် ခုနစ်ပါးတို့သည်ငင်း၊ အင်္ဂီရ ရသေ့၊ ကဿပ ရသေ့၊ ကိသဝစ္ဆ ရသေ့၊ အကတ္တိ ရသေ့...သည်ငင်း- သီလဆောက်တည်သော ကောင်းမှုကြောင့် နတ်ပြည်မှ ကျော်လွန်ကာ ဗြဟ္မာပြည်သို့ရောက်ကြ၏
---အကျွန်ုပ် ကိုယ်တိုင်ပင် ရသေ့တသောင်းအား နှစ်ပေါင်းကြာရှည်စွာ ဆွမ်းကပ်လှူသော အကျိုးကြောင့်-ယခု- သိကြားမင်းဖြစ်ရ၏။ ကျွန်ုပ် လှူသော ဆွမ်းကို သုံးဆောင်လျက်- အကျင့်သီလ စောင့်ထိန်းသော ရသေ့များကား- နတ်ပြည်ကို လွန်၍ ဗြဟ္မာ့ပြည်သို့ ရောက်ကြကုန်၏ ---အရှင်မင်းကြီး- ကျွန်ုပ် ဒါန သီလ အကျိုးကို-သူတော်ကောင်းတို့တွေးလေ့ရှိ၏၊ ထို့ကြောင့်-ဒါနပေးခြင်း၊သီလ ဆောက်တည်ခြင်း နှစ်မျိုးလုံးကိုပင် ဆက်လက်ပြုလုပ်ပါလော့---
ထိုသို့ဆို၍ သိကြားမင်းကွယ်ပျောက်လေ၏


တာဝတိံသာနတ်ပြည် သို့ သိကြားမင်း ပြန်ရောက်လျှင် နတ်အပေါင်းတို့က မေးကြ၏
အရှင်မင်းကြီး... အဘယ် အရပ်ဒေသ သို့ကြွမြန်းတော် မူပါသနည်း။
လူ့ပြည်မှ သူတော်ကောင်း နေမိမင်းကြီးသည် သံသယ တခုဖြစ်နေ၍ - သွားရောက် ဖြေရှင်းပေးရန် လူ့ပြည်သို့ ခေတ္တမျှ သွားခြင်းဖြစ်၏။ ထိုမင်းကြီးကား - ငါးပါး သီလ မြဲ၏၊ ဥပုသ်စောင့် ထိန်း၏၊ လှူဒါန်း၏၊ တိုင်း သူ့ပြည်သားတို့ကို - ကုသိုလ်မှုရန် ဆုံးမ၏ ကြည်ညိုထိုက် သော မင်းကောင်း မင်းမြတ် တပါး ပေတည်း။
အရှင်မင်းကြီး... ကျွန်ုပ်တို့ နေမိမင်းကြီးအကြောင်း ကို မကြာခဏ ကြားရပါသည်။ လူကိုယ် တိုင် တွေ့ဆုံလို၍ - ဆွေးနွေးလို၍ - နတ် ပြည်သို့ ပင့်ဆောင်ရန် ဖြစ်နိုင် ပါမည် လော...
ပါတယ် ဘုရား
နတ်သားများက ကြည်ညိုလို့ ပါသည်
ကျွန်ုပ်မင်းမျိုး ပေါ်ခဲ့ကြောင်းပါ
ဖြစ်နိုင်ပါသည်၊ နတ်အပေါင်းတို့ ဆန္ဒအလျောက် ဖြစ်စေရမည်
နတ်အပေါင်းတို့၏ ဤသို့ ဆန္ဒကြောင့် မာတလိနတ်သားအား နေမိမင်းကြီးကိုပင့်ဆောင်ရန် သိန္ဓော မြင်းပျံ တထောင် က,သော ဝေဇယန္တာ နတ်ရထားဖြင့် လူ့ပြည်သို့ စေလွှတ်လိုက်၏


မာတလိ နတ်သားသည် ဝေဇယန္တာ နတ်ရထားကို နေမိမင်းကြီး၏ ရှေ့နန်းတော်မျှော်စင်၌ ကပ်၍ ရပ်ပြီးလျှင်-
အရှင်နေမိမင်းကြီးအား သိကြားမင်းကြီးက တာဝတိံသာ နတ်ပြည်သို့ ခေတ္တ ကြွချီတော်မူပါရန် ဝေဇယန္တာ နတ်ရထားကို လွှတ်၍ ပင့်ဖိတ်လိုက်ကြောင်းပါ
ထိုအခြင်းအရာကို တိုင်းသူပြည်သားများက တအံ့တသြ ဝိုင်းဝန်းကြည့်နေကြစဉ် မင်းကြီးသည် ရထားထက်သို့တက်၍
.....ငါကိုယ်တော် တာဝတိံသာ နတ်ပြည်သို့ ရောက်စဉ်ကာ ပြန်တော်မမူခင်- သင်တို့ ငါတိုင်းတဲ့သို့ပင်- ကုသိုလ်ကောင်းမှု ပြုလုပ်ကြကုန်လော့.....
နတ်ရထားထွက်ခွာသွားပြီးနောက် လမ်းခုလတ်တွင်
အရှင်မင်းကြီး - တာဝတိံသာသို့ သွားရန် လမ်းနှစ်သွယ်ရှိကြောင်းပါ။ ပထမလမ်းကား - ကောင်းမှုကုသိုလ်ကြောင့် စံစားနေကြပုံကို မြင်ရသောလမ်း။ ဒုတိယလမ်းကား - မကောင်းသော အကုသိုလ်ကြောင့် ခံစားနေရသည့် အပြစ်ကို မြင်ရသော လမ်း။ ထိုနှစ်လမ်း အနက် မည်သည့်လမ်းမှ သွားလိုကြောင်း သိလိုပါသည်။
ကောင်းပြီ- ကျွန်ုပ် အလို အတိုင်း ပြောရလျှင် -ပထမ အပြစ်ခံနေရမှုကို မြင်ရသော လမ်းမှသွားပြီး နောက်- ခရီးနောက်ပိုင်းတွင် စံစားနေရမှုကို မြင်ရသော လမ်းသို့ဆက်ရန် ဆန္ဒရှိပါသည်။
အရှင်မင်းကြီး စိတ်တိုင်းကျ ဖြစ်စေပါမည်။
ဆက်ရန်



# ဤဖေကိုယ်သာ အလှဆုံး



တနေ့သောအခါ မြစ်ထဲမှာ
ငါးငယ်နှစ်ကောင် တွေ့ကြရာ
သူသာပိုလှ ငါပိုလှ
အလှ ပြိုင်ဆိုင်ကြ။

ငါးတကောင်က ပြောသည်မှာ
"ငါ့ကိုယ်လုံးက သေးသွယ်ကာ
အကြေးခွံမှာ ရွှေရောင်ဝင်း
တင့်တယ်ပါဘိ ငါ့အဆင်း"

ကျန်တကောင်က ဆိုသည်မှာ
"ငါ့ကိုယ်လုံးက တုတ်ခိုင်ကာ
အကြေးခွံမှာ ငွေရောင်ဝင်း
လှပါဘိခြင်း ငါ့အဆင်း"

ဤသို့ပြိုင်ကာ နှစ်ကောင်မှာ
ငြင်းကြ ခုန်ကြရာ
အတန်ကြာ အကြိရ
ဦးရွှေလိပ်ဆီ သွားရောက်ကြ။



ဦးရွှေလိပ်ဆီ ရောက်သောအခါ
နှစ်ကောင် ဖြိုင်ဆိုင်ကာ
ဘယ်သူသာ်လို့ ဘယ်သူလှ
ဆုံးဖြတ်ပေးဘို့ ပြောဆိုကြ။

ဦးရွှေလိပ်မှာ ထိုအခါ
ကိုယ့်ဘက် ကိုယ်ယက်ကာ
"သည်ကမ္ဘာမှာ ဖြိုင်သူရှိုး
ဤဖေကိုယ်သာ အလှဆုံး"တဲ့။

သူကဆက်ကာ ပြောသည်မှာ
သူ့ကိုယ်လေးက ချစ်စရာ
သူ့မျက်လုံးမှာ ပြူးတူးတူး
သူ့ခေါင်းလေးက လှပုံထူး။

ငါးနှစ်ကောင်မှာ ထိုအခါ
ဒေါသအမျက် ထွက်လို့လာ
ကိုယ့်ဘက်ကိုယ်သာ ယက်သူဘဲ
ဦးရွှေလိပ်ကို ကလော်ဆဲ။

မင်းယုဝေ


ပုံပြင်တကာ
ပုံပြင်
တခါက-ငှက်ငယ်တကောင်သည် ပုရွက်ဆိတ်တကောင်ရေနစ်နေသည်ကို ကြည့်၍အလွန်သဘောကျနေသည်။
ဟား-ဟား-ဟား
ယက်ကန်-ယက်ကန်နဲ့ ရိုစရာကောင်းလိုက်တာ
ငါ့အခု-သစ်ရွက်ချွေချ လိုက်ပြီးသူ့ကိုကယ်ရင် ရပေမယ့်သူကြည့်ပြီး ရိုနေရတယ်..
ပုရွက်ဆိတ်ကလည်းကယ်မည့်သူကို စောင့်စားနေရှာသည်။
အပေါ်က ငှက်ဟာ-ငါ့ကို ကယ်ကောင်းပါရဲ့.
ကယ်ကြပါ
ကယ်ကြပါ
ငှက်ငယ်ကားတဟားဟားနှင့် သဘောကျနေစဉ်-ကံ့အားလျော်စွာသစ်ကိုင်းခြောက် ကလေးမျောလာသောကြောင့်..
ဒီကောင် သိပ်-ကံကောင်း တာဘဲ
ပုရွက်ဆိတ်မှာသေဘေးမှ လွတ်မြောက်သွားလေသည်။


တနေ့သော်-မုဆိုးတယောက် ထိုငှက်ငယ်ကို ပစ်ရန်ချောင်းနေသည်ကို ပုရွက်ဆိတ်သည် မြင်လေသည်။
ငါ့အခုနေ မုဆိုးရဲ့ အသားကို-ခပ်နာနာ ကိုက်လိုက်ရင် မုဆိုး အော်မှာဘဲ
အော်သံကြောင့် ငှက်ဟာ လန့်ဖြန့်-ပျံပြေးရင် သေဘေးက-လွတ်သွား နိုင်တယ်
ဒါပေမယ့်ငါဟာ ငှက်ကိုဂလဲ့စား ချေရမယ်
ထိုစဉ်မုဆိုး၏လေးချက်ကြောင့် ငှက်ငယ်မှာ- ထိမှန်၍ကျလာရာ---
ဟားဟား ဒီကောင်သေပြီ ကောင်းလိုက်တာ
မုဆိုးသည်အားရဝမ်းသာ- ငှက်ကိုပြေးကောက်သည်တွင်
ပုရွက်ဆိတ်ခမျာပါ- မုဆိုး၏ခြေထောက် အောက်တွင်ပိပြား၍သေလေတော့သတည်း
ပြီး

# တေဇ ကဗျာ

## ပန်းနဲ့ရေ

ဘယ်သူပန်ပန် မွှေးကြူလန်း
ဗမာ့ ဝိတောက်ပန်း။
ဘယ်သူ ဖျန်းဖျန်း အေးမြပေ
ဗမာ့ အတာရေ။
ဗမာတွေလဲ သည့်နှယ်ဖြစ်
ဘယ်သူ့ပေါင်းပေါင်း ချစ်။

မယမင်း



## ဘုရားပွဲ

ဘုရားပွဲ ဘုရားပွဲ
အညာဆီက ဘုရားပွဲ။
နွားလှည်းလေးနဲ့ သွားကြမည်
မြူလုံးသံ စီစီ။
မြေညီညီ အညာလမ်း
တမာနံ့တွေ လွှမ်း။
ချောင်းကမ်းစပ်က ထန်းပင်တွေ
မြေတံ ခပ်ရှည်ရှည်။
ထန်းရေ ချိုချို တမြူလောက်
အမောဖြေရင်း သောက်။
တထောက်နားလို့ အမောပြေ
သွားစို့ ဒို့တတွေ။
နေမဝင်ခင် ရောက်ပါမှ
ဇာတ်ပွဲ နေရာရ။

ကောက်ရိုးနွယ် (ရေနံချောင်း)





## ငပလီ

အုန်းပင်တန်းတွေ ညီညီညာ
အရိပ် အေးမြစွာ။
လှိုင်းမြူပြာနှင့် ကမ်းခြေစပ်
ကျောက်ဆောင် မားမားမတ်။
နေရောင်ဟပ်တဲ့ သဲသောင်ခုံ
ခရု ဂဏန်းစုံ။
လှရိပ်မြုံ ပင်လယ်ကမ်း
ငပလီ စခန်း။


ဘော်ဘော် (သန္လျာ)



## မိုးကိုဖွား

မိုးဦးတေးကို ဖွားလှုပ်ျ
အုံးအင် အုံးအင်ဆို။
ရေကန်ကို ရေကန်ကြား
ခေါင်းပြူ မော်လို့ကြား။
မိုးစက်လေးများ ကြွေလာလျှင်
သူလဲ ပျော်လို့ရှင်။
စိမ်းစိုလွှင်တဲ့ မြက်ပင်ကြား
တေးရှင် ဖိတ်ပွား။

မောင်လှိုင်သွင် (အင်းစိန်)


ကိုလွှင် ပါလေရာ
ဘဘသုကြီးအတွက် သံစုံကြိုး နှိုးဆွဲ စက်လေ..၊ သံရဲ့မြည်သံကို နွားကြားရင် နွားနို့ ပိုထွက်မယ်
အားကြီး ကောင်းဒယ်
ကြည့်...ဒီခလုတ်ကို အသာနှိပ်လိုက်ရုံဘဲ
သရုပ်ပျက်တေးသံစုံ ဘွင်းမိလို့ နွားလိုက် ခံရသဗျ..
ဟရေး ပြေးတယ်နော် ရှောကဘဲ..

# တေဇရုပ်စုံသတင်းလွှာ

### ကလေးများနေ့

၁၃-၂-၇၅။ ။လူမှုဝန်ထမ်း ဝန်ကြီးဌာန နှစ်ပတ်လည် ဆုနှင်းသဘင်နှင့် ရှစ်ကြိမ်မြောက် ကလေးများနေ့ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးလူငယ်သင်တန်းကျောင်းတွင် ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း ဝန်ကြီးဌာနဝန်ကြီး ဦးမန်ကူးလ်က ကလေးများအား ဆုများချီးမြှင့်ခဲ့သည်။

### စာအုပ်ထုတ်

၁၃-၂-၇၅။ ။ရန်ကုန်မြို့ လှိုင် အ မ က (၈) မှ စတုတ္ထတန်းကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကိုယ်တိုင်ရေး ကဗျာ (၇၄)ပုဒ်ပါသော "ကဗျာဝလုံး" စာအုပ်နှင့် ဖတ်စရာ၊ မှတ်စရာ၊ သိပ္ပံ၊ ပထဝီ၊ ဥာဏ်စမ်း၊ ကဗျာ၊ သတင်းများပါဝင်သော "တလက်တအားစာစောင်"ကို ထုတ်ဝေခဲ့သည်။

### အားကစားပြိုင်

၁၆-၂-၇၅။ ။ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် အထက (၄)တွင် နှစ်ပတ်လည် အားကစားပြိုင်ပွဲကျင်းပရာ မူလတန်းကျောင်းသား ကျောင်းသူကလေးများပါဝင်ယှဉ်ပြိုင်ခဲ့သည်။

### စုပေါင်းလှူ

၁၆-၂-၇၅။ ။ရန်ကုန်မြို့ စိန့်မေရီရပ်ကွက် မီးလောင်ရာတွင် မီးဘေးသင့်ခံရသော စမ်းချောင်းအထက ၂-မှ ကျောင်းသူ ၁၈-ယောက်အတွက် အဝတ်အထည်နှင့် ကျောင်းသုံးပစ္စည်းများကို မိတ်ဆွေကျောင်းသူများက စုပေါင်းလှူဒါန်းခဲ့ကြသည်။

### မီးဘေးကူ

၁၇-၂-၇၅။ ။ရန်ကုန်မြို့ တာမွေကြီးရပ်ကွက် မီးဘေးဒုက္ခသည်များနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ကူညီရန် အင်းစိန်ကွက်သစ် မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မိမိတို့၏ တနေ့တာမုန့်ဖိုးများကို အတန်းလိုက်လှူဒါန်းခဲ့ကြသည်။

### ကူညီရောင်း

၂၀-၂-၇၅။ ။သံလျင်မြို့နယ် လမ်းစဉ် လူငယ်စည်းရုံးရေးကော်မီတီ၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ဒို့လူငယ် ပို့စကပ်များကို သံလျင်မြို့ ၀ခွဲးစုရပ်ကွက် အမှတ်၅ မူလတန်းကျောင်းမှ တေဇ လူငယ်ကလေးများနှင့် ရပ်ကွက်လမ်းစဉ်လူငယ်များပူးပေါင်း၍ တအိမ်တက်ဆင်း လိုက်လံရောင်းချခဲ့ကြသည်။

### ကြက်ခြေနီပန်းချီ

၁-၃-၇၅။ ။ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပန်းချီပြပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ကြက်ခြေနီသရုပ်ဖော်ရေဆေးပန်းချီကားများကို ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများက ရေးဆွဲယှဉ်ပြိုင်ခဲ့ကြသည်။

### ကျောင်းရက်မှန်

၃-၃-၇၅။ ။မန္တလေးမြို့ အထက ၈-တွင် စာသင်နှစ်အတွင်း ကျောင်းတက်ရက် မပျက်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပခဲ့သည်။

### တေဇလူငယ်ဖွဲ့

၆-၃-၇၅။ ။မန္တလေးမြို့ အာဠဝီအမကတွင် အရှေ့မြောက်မြို့နယ် လမ်းစဉ်လူငယ် စည်းရုံးရေးကော်မတီက ကြီးမှူး၍ တေဇလူငယ်ဖွဲ့စည်းရေး အခမ်းအနားကျင်းပခဲ့သည်။

### သချာဆု

၇-၃-၇၅။ ။မန္တလေးမြို့ ပြည်ကြီးမျော်ဘွယ် အနောက် အမကတွင် သချာရည်ချွန် ဆုပေးပွဲပြုလုပ်ရာ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီးက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။


### တပ်မတော်နေ့ကြို

၇-၃-၇၅။ ။တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ အင်းစိန်ဗဟိုမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများက တပ်မတော်စစ်ချီတေးများဖြင့် သီဆိုတင်ဆက်ခဲ့ကြသည်။

### ပဒေသာကပွဲ


၈-၃-၇၅။ ။ရန်ကုန်မြို့ မင်္ဂလာဒုံ မူလတန်းကြိုကျောင်း အမှတ်၃-တွင်ကျင်းပသော နှစ်ပတ်လည်ပဒေသာကပွဲတွင် ကျောင်းသား ကျောင်းသူကလေးများက ပဒေသာအကများဖြင့် ဖြေဖျော်ကပြခဲ့ကြသည်။


မိုးချုပ်
စစ်သည်လေး
အာလံတော်များလေထဲတွင် တလွင့်လွင့်နှင့် ငြိုးပြားနေချိန်တွင် သတိအနေအထားနှင့်ရပ်လျက်ရှိကြသော စစ်သည်တော်များမှာ တပ်မတော်ကို စစ်ဆေးရန်လာမည့် စစ်သူကြီးအား စောင့်မျှော်နေကြ၏။
မကြာမီ စစ်သူကြီးမှာခန့်ညားစွာ တလှမ်းချင်းလျှောက်လာလျက်..
သူ၏စစ်သည်တော်များအား စစ်ဆေးကြည့်ရှုလေသည်။
စစ်သည်တော်များအား၊ အားရကျေနပ်စွာ စစ်ဆေးကြည့်ရှုခဲ့ရာ တပ်၏နောက်ဆုံးတန်းနေရာတွင် အသက် (၁၃) နှစ်မျှသာရှိသေးသော စစ်သည်တော်လေး
တပြီးအားတွေ့လေသော် ...
ထိုစစ်သည်လေး၏ရှေ့တွင်ရပ်လျက်..


မင်းအသက် ၊ ဘယ်လောက်ရှိပြီလဲကွဲ့
တပ်ထဲမှာ ဘာလုပ်သလဲ ..
ကျွန်တော်မျိုးအသက် (၁၃) နှစ်ရှိပါပြီ
တပ်ထဲမှာ ကျွန်တော်မျိုးဟာ
စစ်ခရာမှုတ်သူပါ ....
ဟေ ၊ တယ်ဟုတ်ပါလား၊ ဒီလိုဆို
မင်းရဲ့အချက်ပေးစစ်ခရာသွားယူစမ်းပါဦးကွဲ့
မှန်ပါ ဘုရား
စစ်သည်တော်လေးသည် စစ်ဘုရင်ကြီးကို အရိုအသေပြုပြီး ၎င်း၏ အချက်ပေး စစ်ခရာကို သွားယူရန်ပြန်လာခဲ့သည် ။
သူ့နေရာရောက်သောအခါ သဝင်ဘေးအနေ အသင့်နှင့် ရပ်စောင့်နေလိုက်၏ ။ ... ....
ကဲကွယ် - စစ်သည်တော်များကို စုရုံးတဲ့ခရာမှုတ်စမ်းပါဦးကွဲ့
ထိုအခါ - စစ်သည်တော်လေး သည် တပ်စခန်းတွင် ပြန့်နေသောစစ်သည်များကိုစုရုံးစေမည့်အချက် ပေးခရာကို မှုတ်လိုက်၏ ....



ဂဝိကျယ် .. ဒီတခါ စစ်ချီတက်ဖို့ အသင့်ဖြစ်နေတဲ့ ဆရာကို မှော်ပြစမ်းပါဦး
မှော်ပြနိုင် လေသည်။
ကျွဲဘွင် စစ်သူကြီးမှာ အလွန်သဘော ကျသွားပြီး ....
ဩဝိ! မင်း အတော်၊ တော်တဲ့ချယ်ဘဲ . .
ဂဝိကျယ်.ဂဲ - တယ်သူတော်တဲ့ အချက်ပေး ဆရာသင်ကို မှော်ပြစမ်းပါဦး . .
စစ်သူကြီး၏ စကားသံများဆုံးသောအခါ နဂိုရ်ကပုံပြန်နေသည့် စစ်သည်လေး၏ မျက်နှာမှာ - ချက်ချင်းညှိုပုပ်သွားလေသည်
ပြီးနောက် မှော်မှန်ကြီးကို ဂျင်ဂျီ - လက်ထဲကလာကို မြေပေါ်သို့ လွှင့်ပစ်လိုက်၏။- - - - - -


တပ်မတော်ကြီးတခုလုံးမှာ လည်ပြန်ခုံးအား ခံသည့်ကြီး သမိုးလွှားပြတော့၏...
ထိုအခါတော့ အတွင်းမှူးမစ်သည်လေးက စကားသံသည် တည်ငြိမ်ပြတ်သားစွာ ထွက်ပေါ်လာလေသည်။
တပ်သုတ်ရှိ အချက်ပေးဆရာ မှုတ်ခိုင်းတဲ့ အတွက်...
ဖေါ်မပြနိုင်လောက်အောင် ဝမ်းနည်းပါတယ် ဘုရား (တပ်သုတ်) အချက်ပေးဆရာ မှုတ်နည်းကို ကျွန်တော်မျိုးတို့ ဆရာလည်း သင်မပြပေးခဲ့ပါ - ကျွန်တော်မျိုးတို့မှာ တတ်သည်မရှိလည်း
တကြိမ်တခါမျှ ဆုတ်ရှာဘူးခြင်းမရှိပါ - နေ့စဉ်တွင်လည်း ဘယ်သောအခါမျှ နောက်ဆုတ်ရ လို့မည်မပေးလိုက်ပါ...
စစ်သည်တော်လေး၏စကားဆုံးသောအခါ..
မင်းပြောတာမှန်တယ် ဘုရင့်နောင်စစ်သည်တော်လေး များရဲ့တပ်မတော်ဟာ ရန်သူကိုသာ ထိုးဖေါက် ဝင်ခဲ့ပြီး ဘယ်အခါမှ နောက်မဆုတ်ခဲ့ဘူး
နောင်လည်း ဘယ်တော့မှ ဆုတ်မှာမဟုတ်ဘူး
ပြောပြောဆိုဆိုပင် စစ်သည်လေးအား မြှောက်ချီလိုက်လေသည်။
(ပြီး)





ဟောဒီပုံလေး လေးပုံဟာ အမှတ်တမဲ့ ကြည့်လိုက်ရင် အတူတူဘဲလို့ ထင်ရတယ် - ဒါပေမယ့် ဒီအထဲမှာ အများနဲ့မတူ ထူးခြားနေတဲ့ ပုံတပုံ ရှိတယ် — တွေ့အောင်ရှာကြည့်စမ်းပါလား။



ဟောဒီ သစ်ကိုင်းပေါ်မှာ ပိုးကောင်တွေ ဘယ်နှစ်မျိုးရှိသလဲ။ တမျိုးစီ ဘယ်နှစ်ကောင် ရှိသလဲ။ ရေတွက်ပြီး အဖြေကို အောက်က စက်ဝိုင်းလေးတွေထဲမှာ ရေးထည့်ပေါ့။

နှစ်စက် ◯ ကောင်။ သုံးစက် ◯ ကောင်။ လေးစက် ◯ ကောင်။ ငါးစက် ◯ ကောင်။



# သွင်ပြင်ကွဲပြား ကောင်ငယ်များ

ကျော်ထွန်း ရှာဖွေတင်ပြသည်



အမေရိကန်တောင်ခြသေ့်များသည် ငယ်စဉ်အခါက ကိုယ်တွင် အနက်ပြောက်များ ပါလာပြီး အရွယ်ရောက်လာသောအခါ ပျောက်ကွယ်သွားလေသည်။

လားမားကုလားအုပ်ပုများတွင် ထူထဲ၍ရှည်သောအမွေးအမှင်များ ပါရှိသော်လည်း ၎င်းတို့၏သားပေါက်များတွင်မူ အမွေးတိုပြီး အရောင်ပါကွဲပြားလေသည်။





ငန်းများသည် ငယ်စဉ်အခါတွင် ညိုသောအရောင်အဆင်းရှိပြီး ကြီးပြင်းလာသောအခါ ဖွေးဖွေးဖြူ၍သွားလေသည်။



ပင်ဂွင်းငှက်ငယ်များသည် ငယ်ရွယ်စဉ်က ကိုယ်လုံးအမွေးများမြင့်ဖုံးအုပ်နေသောကြောင့် မိခင်ပင်ဂွင်းငှက်မကြီးထက်ပင် ကြီးမားသကဲ့သို့ နေတတ်၏။


ဇီးချူးစ် ငှက်ကလေးဘုပ်ပုများသည် ငယ်စဉ်အခါ၌ ခြေထောက်တွင် အစက်အပြောက်များပါလာတတ်ပြီး ကျောတလျှောက် တွင်လည်း အစင်းကြောင်းများပါလာတတ်၏။ အစက်အပြောက်များသည် ရက်အနည်းငယ်အတွင်း ပျောက်ကွယ်သွားသော်လည်း အစင်းများမှာမူ တကိုယ်လုံးအမွေးများ မဖုံးမချင်း မြင်ရသေး၏။



တောဝက်ပေါက်ကလေးများသည် ကျောတလျှောက်တွင် ကန့်လန့်စင်းများ ပါလာတတ်ပြီး ကြီးပြင်းလာသောအခါ ကွယ်ပျောက်၍သွားလေသည်။



မိကျောင်းပေါက်ကလေးများ၏ ဝမ်းဘက်တလျှောက်၌ အစင်းကျားများပါလာပြီး အရွယ်ရောက်လာသောအခါ ထိုအစင်းကျားများသည် တဖြေးဖြေးကွယ်ပျောက်၍သွားလေသည်။



ဘော်နီယိုတောတွင်း၌ မျောက်တမျိုးမှာ တကိုယ်လုံးအနက်ရောင်ရှိပြီး မျက်နှာနှင့်လည်ပင်းတဝိုက်သာ အဖြူရောင်ရှိ၏။ သို့သော် ရင်သွေးငယ်မှာမူ ငယ်စဉ်၌ တကိုယ်လုံး ဖြူဖွေးနေ၏။




# နေနာရီလုပ်ရအောင်

**ဖေအောင်မြင့် [ဆရာ]**


ပုံ ၁ နှင့် ၂ ကို ရေပါးစက္ကူဖြင့်ကူးဆွဲပြီးကတ္တူပြားထူထူတွင် ကပ်၍ ဖြတ်ပါ။ ပုံ ၂ ကို အစက်မျဉ်းအတိုင်းခေါက်ပါ။ ပြီးလျှင် ပုံ ၃ ကဲ့သို့ ကော်ဖြင့်ကပ်ပြီး နေထွက်ရာအရပ်ကို ဦးတည်လျက် ထားလိုက်ပါ။ ထိုအခါ အချိန်မှန်မှန်လည်ပတ်သော နေနာရီ တလုံး ရပါလိမ့်မည်။


- - - - - - - - - - -

ပုံ (၁)





ပုံ (၂)




ပုံ (၃)







ပုံ (၄)


စကားပြောသော-ပစ္စည်းများ
ဇာတ်လမ်း:- သရုပ်ဖော်-
ဒုက္ခပါကွာ၊ ကျောင်းသွားခါနီးမှ ကွန်ပါဗူး ဘယ်ပျောက်နေပါလိမ့်
ကျောင်းသားလေး မောင်ဖိုးဖိုးသည် စိတ်သဘောထား ကောင်းမွန်သော်လည်း စည်းကမ်းမရှိသောခလေးဖြစ်သည်၊ ပစ္စည်းများကိုနေရာတကျမထားခဲ့သဖြင့်၊ နံနက်ကျောင်းသွားခါနီးတိုင်း လိုချင်သောပစ္စည်းများကို ရှာဖွေနေရသည်၊
တခုကောင်းသည်မှာ ဖိုးဖိုး၏ပစ္စည်းများသည် နှုတ်ကလေးကိုနားလည်ကြပြီး၊ ပြန်လည်ပြောတတ်ကြ သဖြင့်ဖိုးဖိုးမှာ များစွာဆိုးကျိုးမခံရပေ၊
ဟဲ-ငါ့ခဲတံသေတ္တာ အိုးထဲကျနေပါလားဘယ်လို ကျနေပါလိမ့်
ခဲတံဗူး- မင်းဘယ်မှာလဲဟေ့-
ကျနော်ခဲသေတ္တာ အိုးထဲကျနေတယ်၊ မြန်မြန်ကယ်ပါ ချမ်းလှပြီ-




ကျွန်ုပ်သို့ဖြင့် နံနက်တိုင်း
ဒါရုပ်ရှင်ကောင်းအိပ်မက်ထဲမှာ ကိုမိုး—
□ နေ့တွင်
ငါ့ရုပ်ရှင်ကားတော့ကြည့် ကောင်းတာကိုငါ့သူငယ်ချင်းတွေ ခေါ်ပြရင်ကောင်းမယ်။
မိုးမိုးသည် ဖယောင်းတိုင်မီးကို မငြိမ်းဘဲ ထွက်သွားသော ကြောင့် ခဏကြာလျှင် ပစ္စည်းများကို မီးစွဲလောင်တော့သည်။
ဟာ–


မိုးမိုး၏အခန်း
မီးလောင်နေသည်ကို
အိမ်နီးနားချင်းများ
မြင်သဖြင့်ဝိုင်း
ဝန်း၍ငြိမ်းသတ်
ကြသည်။
ငါတို့မြင်တာတော့
ဤသို့ မီးလောင်သဖြင့် မိုးမိုး၏ပစ္စည်းများသည်
လန့်ဖျပ်သောကြောင့်၊ သတိမေ့မေ့လျော့လျော့ဖြစ်ကြ
မိမိတို့၏အမည်များကို မမှတ်မိတော့ပေ။
ငါ့နာမည် ဘာပါလိမ့်။
ငါ့နာမည်-ငါမေ့ နေပါလား။
ပြဿနာကြောင်းကို မသိသောမိုးမိုးသည် နောက်တစ်
နေ့နံနက်အိပ်ရာမှနိုး၍ မျက်နှာသုတ်ပုဝါကို
ရှာမတွေ့သဖြင့်-
မျက်နှာသုတ်ပုဝါရေ
မင်းဘယ်မှာလဲဟေ့-
ခပ်ကျယ်ကျယ်အော်ပြီ၊ မိမိ၏အမည်သည်မျက်နှာ
သုတ်ပုဝါဟုကြား၍-
ကျွန်တော်ဒီမှာပါ
ခုတင်အောက်ရောက်နေ
ပါတယ်။


ဟေ့-ငါရှာတာ
မျက်နှာသုတ်ပုဝါပါကွ၊
မင်းမဟုတ်ပါဘူး၊
ကျွန်တော့်နာမည်
မျက်နှာသုတ်ပုဝါ
မှတ်လားကိုယ့်ဟီး၊
ငါ့ပဲ့ရှုံး တွေ့ကြာမယ်ဆိုဖျားဖြစ်နေ
ပါပြီ၊ ဆွဲပါကျွမ်းကြိုM၊ သူ့မြန်မ
မျက်နှာသုတ်ပုဝါတို့-ဒုက္ခပါကွာ၊
မျက်နှာသုတ်ပုဝါ
သည် ထိုအချိန်၌
တွင်းဆန်အိုးထဲ
ကျော်နေသည်၊
ကိုယ်ဟီး ခေါ်နေတာ၊ မျက်နှာ
သုတ်ပုဝါတို့၊ ငါ့နာမည်M
ပေါ်တိုင်းဘဲ၊
မျက်နှာသုတ်ပုဝါရှာမတွေ့လို့ ဖိတ်သုံးနေရတဲ့မယ်
ခေါင်းဖီးဘီးကိုကီးM ပျောက်နေပြန်
ပါပြီ-ဒုက္ခပါကွာ-


ဘိုးရေ - မင်းဘယ်မှာလဲ ဟေ့ -
ကျွန်တော့်ဘိုးကြောင်း ထမင်းမှာကိုယ်ပြီး၊
ငါရှာနေတာ ဘိုးပါကွ၊ ခေါင်းဖိ ဘိုး ဘိုးရှာနေ တာပါ၊ မင်းတွေ့သေးလား ဟဲ၊
အို - ကျွန်တော် ရှာမည်ဘိုး ပါ၊
ထို အချိန်တွင်ဘိုးသည် မိုးမိုး၏ခေါင်းအုံး အောက်တွင်ရှိသည်၊
မိုးမိုးခေါင်းနေတာ ဘိုးကဲ၊ ငါ့နာမည်ကမပေါင်းတိုင်သွား စကားမရှိပါဘူး၊
ငါ့ပစ္စည်းတွေ ဘယ်လို ပြောက်ကုန် ပါလိမ့်၊ တခုမှ ခေါ်လို့မရတော့ဘူး၊ ကျောင်းတက်ချိန်ရောက် နီးပြီ၊



ထမင်းစားဖို့အချိန်မရှိတော့ဘူး၊ ရေကိုဘဲဝ သောက်သွားမှဘဲ-- အလို-ရေခွက်ကပ်ကျောက် နေပါလိမ့်-နမှာဘဲ
ဟေ့-ရေခွက်-ရေခွက် ဘယ်ရောက်နေသလဲကွ။
ကျနော် ဒီမှာ စင်ပေါ်မှာရှိတယ် ကိုမျိုး။
ငါရှာတာ ရေခွက်ကွ- မင်းမဟုတ်ဘူး- တယ်လေ- ငါကြိုင်ပေါက်သေမှာ- ဟင်း-
ကျနော့်နာမည် ရေခွက်မဟုတ်လား ကိုမျိုးရဲ့!
ထိုအချိန်တွင် ရေခွက်သည် မျိုးမျိုး၏ စာကြည့်စားပွဲပေါ်တွင်ရှိသည်။
ကိုမျိုးခေါ်တာ ရေခွက်ကို၊ ငါ့နာမည်က ခေါ်လည်းဘဲ၊ အရေးမကြီးပါဘူး။


ကျောင်းသို့ရောက်သောအခါ -
ဟား - ပါတယ် - ရော့ -
ဟင် - ဖောင်တိန်လည်း
မေ့ကျန်ခဲ့ပြန်ပြီ -


နောက်နေ့များတွင်လည်း၊ ပန်းခြံများရှာဖွေရ
အချိန်ကြာနေသောကြောင့် ကျောင်းသို့အချိန်မှီ
မသွားနိုင်ပေ၊
အမှာဘဲ- ပန်းခြံတွေရှာနေရတာနဲ့ ကျောင်းနောက်ကျနေပြန်ပြီ ဆရာမ အဆူခံရဦးမှာဘဲ၊
ဘယ့်နှယ်လဲ မျိုးမျိုး- ခုတလောနေ့တိုင်းကျောင်းနောက်ကျနေပါလား၊ ဆရာမ မျှောပေါင်းလဲ များလှပြီနော်၊
နောက်တနေ့များ၌
စာတန်းထဲက စာကြောင်းသူတွေကိုကြည့်စမ်း- မင်းလိုကလေး မင်းမှာပေါင်းလိုမှီးကူး၊ ကောဝတ်စားဆိုရင်လဲ၊ သေသေသပ်သပ်ရပ်ရပ်နဲ့သန့်သန့်ပြန့်ပြန့်မရှိဘူး၊ ကျောင်းသားပီပီ သပ်သပ်ရပ်ရပ်နေမှပေါ့ကွဲ၊
ဟေ- ကိုမှာမျိုးမျိုး၊ တခေါက်ပဲဆိုးမနိုင် ပဝါမနိုင်ဘဲ နောက်ပြီးမှနေ့လည်နဲ့ဆိုက ဘာဖြစ်လည်း မသိဘူး၊
အေးကွာ- ခိုက်မေ့ရတာနဲ့ မေ့မေ့ဝတ်ရတာနဲ့ ငါ့ဆီကနေ့တိုင်းရှုံးနေတာဘဲ၊


အံမယ်- ငါ့ဆီကလဲ ခဲဖျက်နဲ့ပေတံ၊ နေ့တိုင်း လိုလို ပျောက်နေတာပါကွ ကွာ၊
ဟိုးတနေ့က ဒါအုပ်မပါဘူးတဲ့၊ ငါ့ဆီက ငွေငါးကျပ်တန်လေး ပျောက်သွားတာကွ၊ ခဲညှိချွန်တံ တော့ မဆိုးပါဘူး၊ ပြောမနေနဲ့ ရှာခိုင်းလို့ ထင်ရမယ်
အင်း- ငါ့သူငယ်ချင်းတွေကလဲ ငါ့ကိုဘာပစ္စည်းမှ မငှားချင်ကြတော့ဘူး၊ ငါ့မျက်နှာမှာငါ့အတင်း ပြောနေကြတယ်၊ ငါကလဲ ဘာဖြစ်လို့များ ဒီလောက်မေ့တတ်နေပါလိမ့်၊
နောက်ပြောင်တတ်သော သူငယ်ချင်းတသိုက်ကလည်း၊ မျိုးမျိုးအား နောက်ပြောင်ကြသည်၊
ဟေ့- မျိုးမျိုး- ဒီနေ့ကော ဘာမှ မကျန်ခဲ့ သေးသလားကွ ဟေ -
မျိုးမျိုးရေ - ဒီနေ့မင်းကိုရှာဖို့၊ ခဲတံနှစ်ချောင်းတောင် ဘာမှုခဲ့တယ်ဟေ့-
ဒါကတော့ ကော်ပီစာအုပ် ရှာပုံတော်မှာကွ တယ်ဆိုကွာ - မျိုးမျိုးကို ရှာကို -
ဖောင်တိန်မပါဘူး
ရှားမယ်- ရှားမယ်- တရုတ်ကို ငါးမူး






ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း၊ မြဝတီပုံနှိပ်တိုက် (၁၈၄၊ ၃၂-လမ်း ရန်ကုန်)တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူ မှတ်ပုံတင်အမှတ် ၂၁၁၆၄) က တာဝန်ခံ ထုတ်ဝေ၍၊ အထွေထွေ စီမံခန့်ခွဲရေးမှူး ဦးခင်မောင်ထွန်း၊ (ပုံနှိပ်သူ မှတ်ပုံတင်အမှတ် ...) က ပုံနှိပ်သည်။



ပုလင်းလေးကို
အမိန့်ပေးပြီး
ဆင်းခိုင်း တက်ခိုင်း
ကြရအောင်
ကကွန်း
ယောင်ဝသန်
ဖော်ပြသည်
ဆေးရုံတို့ - ဆေးပေးခန်းတို့သွားတဲ့အခါ - ဒီလို .. တိုးဆေးပုလင်းအပြတ်လေးတွေကို တွေ့ရင်ကောက်ယူခဲ့ပါ ။
အဲ့ ဒီထိုးဆေးပုလင်းလေးကို - ပုံမှာပြထားတဲ့အတိုင်း .. ရေပေါ်မှာ . . . . မှုတ်ချည်ပေါ်ချည်ဖြစ်နေရုံလောက်သာ - ရေဖြည့်လိုက်ပါ ။
ရေဖြည့်ပြီးသွားရင် - ရေအပြည့်ထည့်ထားတဲ့ - အဝကျဉ်းပုလင်းကြီးတလုံးထဲကို - ပုံအတိုင်းထည့်လိုက်ပါ ။
အဲ့ဒီနောက် .. ပုံအတိုင်းပုလင်းအဝကို လက်ဖနောင့်နဲ့ဖိပြီး“ဆင်းစမ်း”လို့ . . . . ပြောလိုက်ပါက - အောက်ကိုဆင်းတယ်
လက်ကိုပြန်ကြွပြီး“တက်ခဲ့”လို့ . . . . ပြောလိုက်ရင် - တက်လာလိမ့်မယ် . . .
ကိုင်း . . ဟုတ် - မဟုတ်ဆိုတာကို သိချင်ရင် - လက်တွေ့စမ်းသပ်ကြည့်ကြပေတော့


မောင်ဝတုတ်
ပန်းသုဝဏ်
သူ့အော်တာက ညောင်ညောင်
သူ့နံမယ်က ကြောင်ကြောင်။
သူ့ခြေထောက်က ယက်ယက်
သူ့နံမယ်က ကြက်ကြက်။
သူ့အိပ်တာက ကွေးကွေး
သူ့နံမယ်က ခွေးခွေး။
သူ့ချိုကြီးက ကားကား
သူ့နံမယ်က နွားနွား။
သူ့အရောင်က မဲမဲ
သူ့နံမယ်က ကျွဲကျွဲ။
ကျွန်တော်ကတော့ ရုပ်ရုပ်
နံမယ်ကတော့ မောင်ဝတုတ်
အတွဲ ၁၀
အမှတ် ၄